## အင်ဒီယားနား မျိုးရိုးဗီဇ နှင့် မွေးကင်းစကလေး ဆိုင်ရာ စစ်ဆေးမှု

# ပြင်းထန်သော မွေးရာပါနှလုံးရောဂါ စစ်ဆေးခြင်း

Indiana Department of Health

သင့်ကလေးငယ်၏ နှလုံးသည် သင့်လျော်သလို ဖွံ့ဖြိုးတိုးတက်မှုရှိမရှိ သေချာစေရန် ကြည့်ရှု စစ်ဆေးခြင်းဖြစ်သည်။ သွေးထဲရှိ အောက်ဆီဂျင် ပမာဏကို သွေးထဲရှိအောက်ဆီဂျင်နှုန်း တိုင်းကိရိယာနှင့် တိုင်းခြင်းဖြင့် ပြင်းထန်သော မွေးရာပါနှလုံးရောဂါ (CCHD) ကို ဖော်ထုတ်ပါသည်။

- ပြင်းထန်သော နှလုံးရောဂါ၏ ကွဲပြားသောအမျိုးအစား **7** မျိုးကို စစ်ဆေးပါသည်။
- မွေးပြီးနောက် **24** နှင့် **48** နာရီအကြားတွင် လုပ်ဆောင်သင့်သည်။
- ကလေးငယ်၏ ညာဘက်လက်နှင့် ခြေထောက်တဖက်တွင် ညှပ်ကိရိယာများ တပ်ဆင်ထားပါသည်။
- စစ်ဆေးမှုသည် စက္ကန့်အတွင်းသာ ကြာပြီး နာကျင်မှုမဖြစ်စေပါ။





သင့်ကင်မရာဖြင့် QR ကုဒ်ကိုချိန်ပြီး ဝက်ဘ်ဆိုက်တွင်ကြည့်ရှုပါ။


မျိုးရိုးဗီဇ နှင့် မွေးကင်းစကလေး ဆိုင်ရာ စစ်ဆေးမှု အစီအစဉ်
အင်ဒီယားနားပြည်နယ်ကျန်းမာရေးဌာန
www.NBS.in.gov
ဖုန်း 888.815.0006

ငယ်ရွယ်စဉ် အကြားအာရုံ စစ်ဆေးခြင်း နှင့် ကုသခြင်း အစီအစဉ် (EHDI)
အင်ဒီယားနားပြည်နယ်ကျန်းမာရေးဌာန
www.Hearing.in.gov
ဖုန်း 317.232.0972


NEWBORN SCREENING INDIANA

အင်ဒီယားနား မျိုးရိုးဗီဇ နှင့် မွေးကင်းစကလေး ဆိုင်ရာ စစ်ဆေးမှု

# CCHD စစ်ဆေးမှုဆိုင်ရာ အမေးအဖြေ

**မေး။ မိမိ၏ ကလေးငယ်သည် CCHD စစ်ဆေးမှု မအောင်ပါက ဘာဖြစ်မလဲ။**

ဖြေ။ ထိုရလဒ်သည် သင့်ကလေးတွင် အောက်ဆီဂျင်နှုန်း လျော့နည်းနေသည်ကို ဖော်ပြနိုင်သည်။ သင့်ကလေးငယ်၏ ဆရာဝန်က ကျန်းမာရေးစစ်ဆေးမှု အပြည့်အစုံဆောင်ရွက်ပါမည်။ ဆရာဝန်အနေနှင့် နှလုံးနှင့်ဆိုင်သည့် ပြဿနာများကို စစ်ဆေးရန်အတွက် (အာထရာဆောင်း ကဲ့သို့) အသံလှိုင်းဖြင့် နှလုံး ပုံဖော်စစ်ဆေးခြင်းကို ညွှန်ကြားနိုင်သည်။

**မေး။ ထို့နောက် ဘာဖြစ်သွားမလဲ။**

ဖြေ။ သင့်ကလေးငယ်၏ ဆရာဝန်မှ ရလဒ်များကို ပြောပြမည်ဖြစ်ပြီး နောက်ထပ်အဆင့်များကို သင်နှင့်ဆွေးနွေးပါလိမ့်မည်။

**မေး။ ကလေးငယ်များတွင် အဘယ်မျှ CCHD ရှိလဲ။**

ဖြေ။ မွေးကင်းစ ကလေးငယ်ဦးရေ 500 ထဲမှ 1 ဦးတွင် အဆိုပါရောဂါဖြစ်သည့် ဆေးစစ်တမ်းရှိပါသည်။



**မေး။ မိမိ၏ကလေးငယ်သည် စစ်ဆေးမှုကိုအောင်သည့်တိုင် ဆေးရုံဆင်းပြီးနောက် CCHD လက္ခဏာများ ထွက်ပေါ်လာနိုင်ပါသလား။**

ဖြေ။ ဟုတ်။ CCHD စစ်ဆေးမှုသည် CCHD ၏ကွဲပြားသော ရောဂါအမျိုးအစား 12 မျိုးထဲမှ 7 မျိုးကိုသာ ဖော်ထုတ်နိုင်သည်။ သတိထားရန်လက္ခဏာများ- ကျန်းမာနေသည့်အရေပြားအရောင် ပြောင်းခြင်း၊ နှုတ်ခမ်းများ ပြာနှမ်းခြင်း၊ အသက်ရှူမြန်ခြင်း သို့မဟုတ် အသက်ရှူရခက်ခြင်း၊ မျက်နှာ၊ လက်များ နှင့် ခြေထောက်များတွင် ဖောရောင်ခြင်း သို့မဟုတ် ဖေါင်းပွခြင်း၊ ကိုယ်အလေးချိန်မတက်ခြင်း။ ယင်း ရောဂါလက္ခဏာများ တခုခုကို သတိထားမိပါက သင့်ဆရာဝန်ထံ ဖုန်းဆက်ရန်အချိန်ဖြစ်ပါသည်။




သင့်ကင်မရာဖြင့် QR ကုဒ်ကိုချိန်ပြီး ဝက်ဘ်ဆိုက်တွင်ကြည့်ရှုပါ။

NEWBORN SCREENING
INDIANA